ပြည်ထဲရေး

# ပြည်ထဲရေး သတင်းလွှာ

အတွဲ (၁၈)၊ အမှတ် (၇)

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁) ရက်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းမှ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Chen Hai ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး **H.E. Mr. Chen Hai** ဦးဆောင်သောအဖွဲ့အား ၃၁-၅-၂၀၂၃ ရက်နေ့ ၁၀၀၀ အချိန်တွင် နေပြည်တော်၊ ရုံးအမှတ်(၁၀)၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းရပ်များတွင် တရုတ်နိုင်ငံအနေဖြင့် ကူညီပေးရန် အသင့်ရှိနေခြင်းကိစ္စရပ်များ၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်နိမိတ်နှင့် မြန်မာ-ထိုင်းနယ်နိမိတ် နယ်စပ်ဒေသတို့တွင် ဖြစ်ပေါ်နေသော **Online** လိမ်ညာမှု၊ လောင်းကစားမှု၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှုပိုမိုမြှင့်တင်ရန်နှင့် တရားခံပြေးများ ဖော်ထုတ်ဖမ်းဆီးရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသတွင် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင်အသုံးပြုသည့် ပရီကာဆာများနှင့် ဓာတုပစ္စည်းများ ထိန်းချုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-တရုတ် နှစ်နိုင်ငံ သတ္တမအကြိမ် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့်အစည်းအဝေး ဆောင်ရွက်နိုင်ရေး၊ လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ လန်ချန်း-မဲခေါင် အကူအညီပေးရေးအစီအစဉ်မှ အခြေခံအဆောက်အဦများ တိုးမြှင့်ဖော်ဆောင်နိုင်ရေး၊ နည်းပညာအသုံးပြုမှုများနှင့် လေ့ကျင့်၊ သင်တန်းပေးမှုများတွင် တိုးမြှင့်ကူညီဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များ၊ သတင်းအချက်အလက်များ အချိန်နှင့်တပြေးညီ ဖလှယ်ရေးကိစ္စရပ်များ၊ မြန်မာ-တရုတ်နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်ဦးခိုင်ထွန်းဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒုတိယရဲချုပ်(၁)ရဲဗိုလ်ချုပ် အောင်အောင်နှင့် နိုင်ငံဖြတ်ကျော် မှုခင်းဌာနကြီး၊ ဌာနကြီးမှူး ရဲမှူးချုပ် အောင်ဌေးမြင့်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**(၁၀)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းတော်ဝင်ရဲတပ်ဖွဲ့တို့အကြား လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကျင်းပပြုလုပ်**

စာ(၄)သို့

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားကျင်းပ**

စာ(၈)သို့

**မုန်တိုင်းဒဏ်သင့်ဒေသများတွင်ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးလျက်ရှိသော မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေများပေးအပ်**

စာ(၉)သို့

## အကျဉ်းထောင်တပ်သားအဆင့် အခြေခံသင်တန်းအမှတ်စဉ်(၁၀၉) သင်တန်းဖွင့်ပွဲအခမ်းအနားပြုလုပ်



အကျဉ်းဦးစီးဌာန၊ ရုံး/အကျဉ်းထောင်/အချုပ်ထောင်/စခန်းများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများစွမ်းရည်(၄)ရပ်ပြည့်ဝစေရေးအတွက် သင်တန်းများဖွင့်လှစ်လေ့ကျင့်သင်ကြားပေးလျက်ရှိရာ အကျဉ်းဦးစီးဌာန၊ ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်း(အင်းစိန်)တွင် အကျဉ်းထောင်တပ်သားအဆင့်အခြေခံ သင်တန်းအမှတ်စဉ်(၁၀၉)အား သင်တန်းသား ၂၀၀ ဦးဖြင့် ၁၂-၆-၂၀၂၃ ရက်နေ့မှ ၂၉-၉-၂၀၂၃ ရက်နေ့အထိ ရက်သတ္တ ၁၆ ပတ်ကြာဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားကို ၁၂-၆-၂၀၂၃ ရက်နေ့ ၀၇၀၀ အချိန်တွင် အင်းစိန်ဗဟို အကျဉ်းထောင်ရှိ **(STADIUM)** မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အကျဉ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးဦး တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာအရာရှိများ၊ နည်းပြများနှင့် သင်တန်းသားများ စုစုပေါင်းအင်အား ၂၃၂ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ဝန်ထမ်းနှင့် မိသားစုဝင်များအတွက် သက်သာချောင်ချိရေးထောက်ပံ့



အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ နေပြည်တော်ရှိ ဝန်ထမ်းနှင့် မိသားစုဝင်များအား စားဝတ်နေရေး အဆင်ပြေစေရေးအတွက် ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းနှင့်ဇနီး ဒေါ်ခိုင်သူဇာတို့မှ ၁၂-၅-၂၀၂၃ ရက်နေ့၌ အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းနှင့်မိသားစုဝင်များအတွက် ဝန်ထမ်း ၁ ဦးလျှင် မြေပဲဆီ ၅၀ သား၊ ကြက်ဥ ၁၀ လုံး၊ ကြက်သွန်နီ ၁ ပိဿာစသည့် မီးဖိုချောင်သုံးပစ္စည်းများအား ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## မီးဖွားစရိတ်များ ထောက်ပံ့

အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ ရုံးအမှတ်(၄၉)၊ နေပြည်တော်ရှိ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်ခိုင်သူဇာနှင့် အဖွဲ့ဝင်များသည် ၁၁-၅-၂၀၂၃ ရက်နေ့တွင် စီမံကိန်းလုပ်ငန်းညွှန်ကြားရေးမှူးရုံးမှ ကလေးမီးဖွားထားသည့် လက်ထောက်ကြီးကြပ်ရေးမှူး(၁) မခင်မျိုးမြတ်ကျော် နှင့် အကျဉ်းထောင် ဒုတိယတပ်ကြပ် ကြည်ကြည်မော်တို့ ၂ ဦးအား မီးဖွားစရိတ်ထောက်ပံ့ကြေးငွေနှင့် ကလေးအသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။





## အခြေခံစာတတ်မြောက်ရေးနည်းပြသင်တန်း ဖွင့်လှစ်သင်ကြား

အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းများတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော စာမတတ်မြောက်သူ အကျဉ်းသား/သူများသည် ပြင်ပနယ်ပယ်သို့ ရောက်ရှိပါက စာပေမတတ်မြောက်မှုကြောင့် စိတ်အားငယ်မှုမရှိစေရန်အတွက် လူမှုပတ်ဝန်းကျင်တွင် လူတန်းစေ့နေနိုင်စေရန်ရည်ရွယ်၍ သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ရှမ်းပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ လားရှိုးအကျဉ်းထောင်တွင် အခြေခံစာတတ်မြောက်ရေးနည်းပြသင်တန်းအား ၂၂-၅-၂၀၂၃ ရက်နေ့မှ ၈-၉-၂၀၂၃ရက်နေ့အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနည်းပြမွမ်းမံသင်တန်းအား ကျောင်းပြင်ပ တစ်သက်တာပညာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(စာတတ်မြောက်ရေး) ဦးအောင်နိုင်နှင့် နည်းပြ (၂)ဦးတို့မှ ဘာသာရပ်အလိုက် သင်ခန်းစာများ လာရောက်သင်ကြားပို့ချပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## “အ”သုံးလုံးသင်တန်း ဖွင့်လှစ်သင်ကြား





အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းများတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော စာမတတ်မြောက်သူ အကျဉ်းသား/သူများသည် ပြင်ပနယ်ပယ်သို့ ရောက်ရှိပါက စာပေမတတ်မြောက်မှုကြောင့် စိတ်အားငယ်မှုမရှိစေရန်အတွက် လူမှုပတ်ဝန်းကျင်တွင် လူတန်းစေ့နေနိုင်စေရန်ရည်ရွယ်၍ သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ရှမ်းပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ သီပေါအကျဉ်းထောင်တွင် **“အ”**သုံးလုံး သင်တန်းအမှတ်စဉ်(၆/၂၀၂၃)အား ၅-၆-၂၀၂၃ ရက်နေ့မှ ၂၈-၇-၂၀၂၃ ရက်နေ့အထိ ရက်သတ္တ(၈)ပတ်ကြာ စာမတတ်သူအကျဉ်းသား ၂၀ ဦးအား **“အ”**သုံးလုံးသင်တန်း သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိပါသည်။

## အင်းစိန်ဗဟိုအကျဉ်းထောင်တွင် (၆၁၅)ကြိမ်မြောက်တရားပွဲနှင့် (၂၅)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကျင်းပပြုလုပ်

ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်တွင် အကျဉ်းသား/သူများ စိတ်ပိုင်းဆိုင်ရာ နူးညံ့သိမ်မွေ့လာစေရေးအတွက် ဘာသာရေးနည်းလမ်းဖြင့်ဆောင်ရွက်လျက်ရှိပါသည်။ ၄-၆-၂၀၂၃ ရက်နေ့ ၀၈၃၀ နာရီချိန်ခန့်၌ (၆၁၃)ကြိမ်မြောက် အပတ်စဉ်တရားပွဲအား ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ နန္ဒိယ(အိမ်မဲဆရာတော်)မှ ကြွရောက်၍ လောကီလောကုတ္တရာနှစ်ဖြာ အကျိုးရရှိစေခြင်းနှင့် လောဘ၊ ဒေါသ၊ မောဟကင်းစင်စေခြင်းအလို့ငှာ **“ကောင်းကျိုးပြုမှ ကောင်းကျိုးရ”** တရားတော်အား ဟောကြားချီးမြှင့်ပေးခဲ့ပါသည်။ အခမ်းအနားသို့ အကျဉ်းထောင် အရာထမ်း/အမှုထမ်းများနှင့် အကျဉ်းသားများ စုစုပေါင်းအင်အား ၁၅၅ ဦးတို့ တက်ရောက်ခဲ့ပြီး ငါးပါးသီလခံယူခြင်း၊ သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်အစရှိသည့် လှူဖွယ်ဝတ္ထုများ၊ နဝကမ္မအလှူတော်ငွေများ လှူဒါန်းခြင်းနှင့် ဆရာတော်ကြီးအား နေ့ဆွမ်းဆပ်ကပ်လှူဒါန်းခဲ့သည်။

(၂၅)ကြိမ်မြောက်အသံမစဲမဟာပဋ္ဌာန်းပွဲအား ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် အင်းစိန်ဗဟိုအကျဉ်းထောင်တို့မှ ကြီးမှူး၍ အင်းစိန်မြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ





ဆရာတော်ကြီးများအား ပင့်ဖိတ်ကာ အကျဉ်းထောင်ဝင်းအတွင်းရှိ အောင်မင်္ဂလာကျောင်းတိုက်၏(၂၅)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲအား ၂၆-၅-၂၀၂၃ ရက်နေ့မှ ၃၀-၅-၂၀၂၃ ရက်နေ့အထိ ကျင်းပပြုလုပ်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြည်နယ်တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့များမှ ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်





၂၀၂၃ ခုနှစ်၊ မေလအတွင်း သက်ဆိုင်ရာ ပြည်နယ်တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့များသည် အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်၊ အလုပ်စခန်းများဖြစ်သော ဘန်းကန်စိုက်ပျိုးရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းသို့ ပြည်နယ်တီဘီရောဂါတိုက်ဖျက်ရေးဌာန၊ တောင်ကြီးမှ ဒေါက်တာ တေဇာဝေယံနှင့်အဖွဲ့ဝင် ၅ ဦးတို့သည် ၃၁-၅-၂၀၂၃ ရက်နေ့တွင်လည်းကောင်း၊ ပြည်နယ်တီဘီရောဂါတိုက်ဖျက်ရေးဌာနခွဲ၊ မွန်ပြည်နယ်မှ ဒေါက်တာနန္ဒဝင်းပါ အဖွဲ့ဝင် ၁၃ ဦးတို့သည် ရင်းငြိမ်ကုန်ထုတ်စခန်းသို့ ၃-၆-၂၀၂၃ရက်နေ့တွင်လည်းကောင်း၊ ဇင်းကျိုက်ကုန်ထုတ်စခန်းသို့ ၄-၆-၂၀၂၃ ရက်နေ့တွင်လည်းကောင်း၊ မကွေးတိုင်းဒေသကြီး တီဘီ/အနာကြီးရောဂါတိုက်ဖျက်ရေးဌာနမှ ဒေါက်တာခိုင်ဇင်မြင့်ပါအဖွဲ့ဝင် ၁၁ ဦးတို့သည် မကွေးဗဟိုအကျဉ်းထောင်သို့ ၅-၆-၂၀၂၃ ရက်နေ့မှ ၉-၆-၂၀၂၃တွင်လည်းကောင်း တီဘီရောဂါသံသယ လူနာများ ရှာဖွေဖော်ထုတ်ခြင်း၊ ဓာတ်မှန်ရိုက်ခြင်း၊ သလိပ်စစ်ဆေးခြင်းနှင့် **Mobile X-Ray** စက်ဖြင့် ရင်ခေါင်းဓာတ်မှန်ရိုက်၍ တီဘီရောဂါလူနာရှာဖွေခြင်း စသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြုလုပ်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး တစ်လျှောက်ရှိ အမြန်လမ်းမကြီးရဲတပ်ဖွဲ့၊ ရဲစခန်းဖုန်းနံပါတ်များ

| ရုံး | မိုင်တိုင် | ရုံး/ရဲစခန်း | ဖုန်းနံပါတ် |
|---|---|---|---|
| ၁ | - | အမြန်လမ်းမကြီးတာဝန်မှူးရုံး | ၀၉၄၂၀၈၈၈၈၀၄ |
| ၂ | ၁၁/၀ | (၃) လမ်းဆုံရဲစခန်း | ၀၉၄၂၀၈၈၈၈၀၅ |
| ၃ | ၃၉/၀ | ဘောနတ်ကြီးရဲစခန်း | ၀၉၄၂၀၈၈၈၈၀၆ |
| ၄ | ၅၈/၁ | ဘောနီရဲစခန်း | ၀၉၄၂၀၈၈၈၈၁၈ |
| ၅ | ၇၂/၀ | အုတ်ရှစ်ကုန်းရဲစခန်း | ၀၉၄၂၀၈၈၈၈၀၇ |
| ၆ | ၈၃/၂ | မြို့ချောင်းရဲစခန်း | ၀၉၄၂၀၈၈၈၈၀၉ |
| ၇ | ၁၁၅/၀ | ဖြူးရဲစခန်း | ၀၉၄၂၀၈၈၈၈၁၀ |
| ၈ | ၁၃၇/၆ | ဖောဓိကုန်းရဲစခန်း | ၀၉၄၂၀၈၈၈၈၁၁ |
| ၉ | ၁၄၆/၄ | ဇီးပင်သာရဲစခန်း | ၀၉၄၂၀၈၈၈၈၁၃ |
| ၁၀ | ၁၇၂/၆ | သာဂရရဲစခန်း | ၀၉၄၂၀၈၈၈၈၁၂ |
| ၁၁ | ၂၀၁/၁ | ပလွေးရဲစခန်း | ၀၉၄၂၀၈၈၈၈၀၈ |
| ၁၂ | ၂၂၀/၃ | ပန်းတင်ရဲစခန်း | ၀၉၄၂၀၈၈၈၈၁၄ |
| ၁၃ | ၂၃၃/၇ | ဘုရားတောင်ရဲစခန်း | ၀၉၄၂၀၈၈၈၈၁၅ |
| ၁၄ | ၂၆၂/၃ | ပေပင်လေးရဲစခန်း | ၀၉၄၂၀၈၈၈၈၁၆ |
| ၁၅ | ၂၈၄/၄ | သီးကုန်းရဲစခန်း | ၀၉၄၂၀၈၈၈၈၁၇ |
| ၁၆ | ၃၂၅/၄ | ပြင်စည်ရဲစခန်း | ၀၉၄၂၀၈၈၈၈၁၉ |
| ၁၇ | ၃၅၂/၂ | စကားအင်းရဲစခန်း | ၀၉၄၂၀၈၈၈၈၂၀ |

# (၁၀)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းတော်ဝင်ရဲတပ်ဖွဲ့တို့အကြား လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကျင်းပပြုလုပ်




(၁၀)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းတော်ဝင်ရဲတပ်ဖွဲ့တို့အကြား လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအစည်းအဝေး(**10th Meeting on Cooperation to Combat Trafficking in Persons between Myanmar Police Force and Royal Thai Police**)ကို ၂၅-၅-၂၀၂၃ ရက်နေ့ ၀၉၀၀ အချိန်တွင် နေပြည်တော်၊ **Park Royal Hotel** ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ် အောင်အောင် ဦးဆောင်သော ကိုယ်စားလှယ် ၁၆ ဦးနှင့် ထိုင်းတော်ဝင်ရဲတပ်ဖွဲ့ ဒုတိယရဲချုပ် **Pol.Gen.Surachate Hakparn** ဦးဆောင်သော ကိုယ်စားလှယ် ၁၂ ဦး၊ စုစုပေါင်းကိုယ်စားလှယ် ၂၈ ဦး တက်ရောက်ခဲ့ကြပြီး အစည်းအဝေးတွင် ၂၀၁၉ ခုနှစ်၊ ထိုင်းနိုင်ငံ၌ ပြုလုပ်ခဲ့သည့် (၉)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းတော်ဝင်ရဲတပ်ဖွဲ့တို့အကြား လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ နယ်စပ်ဖြတ်ကျော်ဖြစ်ပွားသော လူကုန်ကူးမှုအခြေအနေများ၊ လူကုန်ကူးမှု ကြိုတင်ကာကွယ်ရေးကိစ္စရပ်များ၊ ပြောင်းလဲလာသော လူကုန်ကူးမှုပုံစံများနှင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံနယ်စပ်မြို့များသို့ နိုင်ငံခြားသားများ တရားမဝင်လာရောက် အလုပ်လုပ်ကိုင်မှုဖြစ်စဉ်များ၊ ထိုင်းနိုင်ငံတွင် ရောက်ရှိနေသော လူကုန်ကူးမှုကျူးလွန်သူတရားခံများ၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေဖြင့်အရေးယူခံရပြီး ထွက်ပြေးတိမ်းရှောင်နေသည့် တရားခံများအား စုံစမ်းဖမ်းဆီးလွှဲပြောင်းပေးနိုင်ရေးနှင့် မြန်မာ-ထိုင်းနှစ်နိုင်ငံ နယ်စပ်တစ်လျှောက် တရားမဝင် ဝင်/ထွက် သွားလာမှုများ ပူးပေါင်းတားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

---

# (၂၂)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့အကြား လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကျင်းပပြုလုပ်

(၂၂)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့အကြား လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေး (**22nd Meeting on Cooperation to Combat Trafficking in Persons between Myanmar Police Force and Department of Special Investigation**)ကို ၂၂-၅-၂၀၂၃ ရက်နေ့ ၀၉၀၀ အချိန်တွင် နေပြည်တော်၊ **Park Royal Hotel** ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် မြင့်ထူး ဦးဆောင်သော ကိုယ်စားလှယ် ၁၅ ဦးနှင့် ထိုင်းနိုင်ငံ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး **Pol.Maj.Arit Tatsaphan** ဦးဆောင်သော ကိုယ်စားလှယ် ၆ ဦး၊ စုစုပေါင်းကိုယ်စားလှယ် ၂၁ ဦး တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ၂၀၂၀ ပြည့်နှစ်က **Video Conference** စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် (၂၁)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့အကြား လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ပြန်လည်သုံးသပ်ဆွေးနွေးခြင်း၊ ၂၀၂၂-၂၀၂၃ ခုနှစ်ကာလအတွင်း နယ်စပ်ဖြတ်ကျော်ဖြစ်ပွားသော လူကုန်ကူးမှုအခြေအနေများ၊ လူကုန်ကူးမှု




ကြိုတင်ကာကွယ်ရေးကိစ္စရပ်များ၊ ပြောင်းလဲလာသော လူကုန်ကူးမှုပုံစံများနှင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံနယ်စပ်မြို့များသို့ နိုင်ငံခြားသားများ တရားမဝင်လာရောက် အလုပ်လုပ်ကိုင်မှု ဖြစ်စဉ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခြင်း၊ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသားများအား ပြန်လည်လွှဲပြောင်းရာတွင် လူကုန်ကူးခံရခြင်းမရှိသူများကို လူကုန်ကူးခံရသူ(**Victim**)အဖြစ် သတ်မှတ်လွှဲပြောင်းပေးမှုနှင့် ပတ်သက်၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲလေ့ကျင့်ရေးဌာနကြီးကွပ်ကဲမှုအောက်ရှိ ရဲလေ့ကျင့်ရေးကျောင်းများမှ တပ်ဖွဲ့ဝင်/သင်တန်းသားများ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်





၂၂-၅-၂၀၂၃ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲလေ့ကျင့်ရေးဌာနကြီး ကွပ်ကဲမှုအောက်ရှိ အမှတ်(၂)ရဲလေ့ကျင့်ရေးကျောင်း(ဝက်ထီးကန်)၊ အမှတ်(၃)ရဲလေ့ကျင့်ရေးကျောင်း(စစ်ကိုင်း)နှင့် အမှတ်(၄)ရဲလေ့ကျင့်ရေးကျောင်း(တောင်လေးလုံး)တို့မှ တပ်ဖွဲ့ဝင်/သင်တန်းသား စုစုပေါင်း အင်အား ၁၆၈၂ ဦး တို့သည် မိုခါဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သည့် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ ပြည်သူ့ဆေးရုံ၊ ဝန်ကြီးအိမ်ရာ၊ အ.ထ.က(၁)၊ အ.ထ.က(၆)၊ အမှတ်(၁၇)တပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀)၊ ဘောစီမံကိုဒေါင်၊ နည်းပညာတက္ကသိုလ်၊ ဦးဥတ္တမပန်းခြံနှင့် လမ်းဘေးဝဲ/ယာများတွင် လဲကျကျိုးပဲ့နေသော သစ်ပင်/ သစ်ကိုင်းများနှင့် အမှိုက်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ စစ်တွေလေဆိပ်တွင် တပ်မတော်လေယာဉ်မှ ကူညီကယ်ဆယ်ထောက်ပံ့ရေး ပစ္စည်းများအား မော်တော်ယာဉ်ပေါ်သို့ သယ်ယူပို့ဆောင်ပေးခြင်း၊ အာဆာဆိပ်ကမ်းတွင် တပ်မတော်ရေယာဉ်မှ ကုလားတန် ၆ ရေယာဉ်ပေါ်သို့ ဆန်အိတ်များ ပြောင်းရွှေ့ သယ်ဆောင်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

## သင်တန်းသားဗဟိုပြု သင်ကြားရေးနည်းစနစ်နည်းပြ(မွမ်းမံ)သင်တန်းအမှတ်စဉ်(၂/၂၀၂၃) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ





သင်တန်းသားဗဟိုပြု သင်ကြားရေးနည်းစနစ်နည်းပြ(မွမ်းမံ)သင်တန်းအမှတ်စဉ်(၂/၂၀၂၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၁၂-၆-၂၀၂၃ ရက်နေ့ ၀၈၀၀ အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း၊ အစည်းအဝေး ခန်းမ(၂)၌ကျင်းပပြုလုပ်ရာ ရဲအရာရှိလေ့ကျင့်ရေးကျောင်း၊ ကျောင်းအုပ်ကြီး ရဲမှူးချုပ် ဟန်ထွန်းက သင်တန်းဖွင့် မိန့်ခွန်းပြောကြားခဲ့ပြီး အဆိုပါအခမ်းအနားသို့ ရဲအရာရှိလေ့ကျင့်ရေးကျောင်းမှ တပ်ဖွဲ့ဝင်အရာရှိများ၊ နည်းပြများနှင့် သင်တန်းသားအရာရှိ(၂၅)ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

## ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့တွင် ငွေကျပ် ၁ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၁၉၅ တုံး၊ အလေးချိန် ၆၈ ဒသမ ၂၅ ကီလို ဖမ်းဆီးရမိ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၂-၅-၂၀၂၃ ရက်နေ့ ၁၁၃၀ အချိန်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့အဝင်၊ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် အင်တောမှ ရပ်စောက်ဘက်သို့ ရီဝေမောင် မောင်းနှင်ပြီး စံတင် လိုက်ပါလာသည့် PRADO ယာဉ်နှင့် ရှေ့နောက် လိုက်ပါလာသော တင်လှိုင် မောင်းနှင်လာသည့် TOYOTA HILUX မော်တော်ယာဉ် တို့ကို သတင်းအရရှာဖွေရာ အဆိုပါယာဉ် ၂ စီးပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၁ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၁၉၅ တုံး၊ အလေးချိန် ၆၈ ဒသမ ၂၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဘိန်းဖြူ ဘလောက်တုံးများအား ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်မှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဖယ်ခုံမြို့နယ်သို့ သယ်ဆောင်လာခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၄င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။



## ရန်ကုန်တိုင်းဒေသကြီးတွင် ငွေကျပ်သိန်း ၆,၈၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆ ဒသမ ၈ သိန်း ဖမ်းဆီးရမိ




မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၆-၆-၂၀၂၃ ရက်နေ့ ၁၀၃၀ အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ဈေးအနီးတွင် သတင်းရရှိထားသူ ငြိမ်းချမ်းအောင်(ခ) တုံးတုံးအား ရေခဲဖော့ပုံးနှင့်အတူ တွေ့ရှိရသဖြင့် ရှာဖွေစစ်ဆေးရာ ဖော့ပုံးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၅ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ၁၇၀၀ အချိန်တွင် မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးခြံရှိ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများပိုင်ရှင် စိုင်းဇော်မင်းဦး(ခ)ကိုစိုင်း၏ အဆောက်အဦအတွင်းမှ စိတ်ကြွရူးသွပ် ဆေးပြား ၅ ဒသမ ၃ သိန်း ထပ်မံသိမ်းဆည်းရမိခဲ့၍ စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၆,၈၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆ ဒသမ ၈ သိန်း သိမ်းဆည်းရမိခဲ့သဖြင့် ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့တွင် ငွေကျပ် ၁ ဒသမ ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး (Happy Water) ၁၀ ကီလိုကျော် ဖမ်းဆီးရမိ





မြန်မာနိုင်ငံ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေဖြင့် လူငယ်များအပေါ် အန္တရာယ်ပြု ခြိမ်းခြောက်နေသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအား ထိရောက်သော တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ၁၁-၅-၂၀၂၃ ရက်နေ့ ၁၉၃၀ အချိန်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ပါလျံ(၃)ရပ်ကွက်၊ မိုလ်ချုပ်လမ်းတွင် အိုက်ရီ၊ အိုက်ရီဖောင်း၊ အိုက်စိုင်း၊ ဖင်မိုးခန့်နှင့် နိုင်လင်းအောင်တို့ ၅ ဦးအား မော်တော်ဆိုင်ကယ် ၃ စီးနှင့်အတူ တွေ့ရှိရှာဖွေရာ ၎င်းတို့ထံမှ စိတ်ပြောင်းဆေးဝါး (Happy Water) ၄ ဒသမ ၅ ကီလို စတင်သိမ်းဆည်းရမိခဲ့ကြောင်း၊ သတင်းကွင်းဆက်အရ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၁၂-၅-၂၀၂၃ ရက်နေ့ ၁၉၀၀ အချိန်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်တွင် စိုင်းလုံတစ် မောင်းနှင်လာသည့် TOYOTA CROWN မော်တော်ယာဉ်ကို ရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါး (Happy Water) ၅ ဒသမ ၄၉ ကီလို ဆက်လက်သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ဖော်ထုတ်ချက်အရ ၂၁၀၀ အချိန်တွင် စိုင်းလုံတစ် နေထိုင်သည့် တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ) ရပ်ကွက်ရှိ နေအိမ်မှ စိတ်ပြောင်းဆေးဝါး (Happy Water) ၁၃၆ ဂရမ် ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၁ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး (Happy Water) ၁၀ ဒသမ ၁၂၆ ကီလို သိမ်းဆည်းရမိခဲ့၍ ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်းနှင့် အမှုတွင် ဆက်စပ်ပါဝင်သူများ၏ ငွေကြေးအကျိုးအမြတ်များနှင့် ပိုင်ဆိုင်မှုများကို ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေအရ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့တွင် ငွေကျပ် ၄,၆၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး (Happy Water) ၄ ဒသမ ၂ ကီလို ဖမ်းဆီးရမိ



မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၁-၆-၂၀၂၃ ရက်နေ့ ၁၅၀၀ အချိန် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ဆေခမ်းရပ်ကွက်တွင် ဝမ်ကျောက်လုံကျေးရွာဘက်မှ ဆေခမ်း ရပ်ကွက်ဘက်သို့ စိုင်းရှုန်ကျော် မောင်းနှင်လာသည့် TOYOTA CROWN မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါး (Happy Water) ၄ ဒသမ ၂ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ၁၅၃၀ အချိန်တွင် စိတ်ပြောင်းဆေးဝါး (Happy Water)များ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ အိုက်ရီအား TOYOTA CROWN မော်တော်ယာဉ်နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ၂၁၀၀ အချိန်တွင် အိုက်ရီနေထိုင်သည့် တာချီလိတ်မြို့နယ်၊ မိုင်းဖုန်း(က) ကျေးရွာအုပ်စု၊ ဟိုခိုကျေးရွာရှိ နေအိမ်မှ ဆေးခြောက် ၇၀၀ ဂရမ် ထပ်မံသိမ်းဆည်းရမိခဲ့၍ စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၄,၆၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး (Happy Water) ၄ ဒသမ ၂ ကီလို၊ ဆေးခြောက် ၇၀၀ ဂရမ် သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၃၃ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၈ ဒသမ ၈၇ သိန်းကျော် ဖမ်းဆီးရမိ



မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ၄-၆-၂၀၂၃ ရက်နေ့ ၂၂ ၀၀ အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ကွဲတပ်ဆုံ ရှာဖွေစစ်ဆေးရေးစခန်းတွင် တောင်ကြီးမှ သာစည်ဘက်သို့မောင်းနှင်လာသည့် Express ခရီးသည်တင်မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် မနန်းမိုးဇာ နှင့် ခွန်မြမောင် တို့ ၂ ဦး သယ်ဆောင်လာသည့် ကျောပိုးအိတ်များအတွင်း သို့ဝှက်သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၃၃ ဘီလီယံ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၈၈၇၂၅၀ ပြား သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ဖော်ထုတ်ချက်အရ သိမ်းဆည်းရမိစိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့မှ ကရင်ပြည်နယ်၊ မြဝတီမြို့သို့ သယ်ဆောင်ခြင်း ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပ



ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်၊ အစိုးရနည်းပညာကောလိပ်၌ ၂၀၂၃ ခုနှစ်၊ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ၃၁-၅-၂၀၂၃ ရက်နေ့၊ ၀၈၀၀ အချိန်တွင် ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီလွင်(ခရိုင်အုပ်ချုပ်ရေးမှူး)၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်အဆင့်အသင်းအဖွဲ့များမှ တာဝန်ရှိသူ များနှင့် ကျောင်းသား/သူများ စုစုပေါင်းအင်အား (၁၅၀)ဦးခန့် တက်ရောက်ခဲ့ကြ ပါသည်။ အဆိုပါအခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးဦးဆောင်၍ အမှတ်တရ သစ်ပင်များ စိုက်ပျိုးခြင်းနှင့် ကျွန်း၊ ပျဉ်းကတိုး၊ ခရေ၊ မန်ကျည်းရွက်ရှား၊ ကုံကော်၊ စုစုပေါင်းပျိုးပင် (၃၀၀)ပင် စိုက်ပျိုးနေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေး ခဲ့ကြောင်း သတင်းရရှိပါသည်။

## လေဘေးသင့်အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကျင်းပ



မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ မိုးကုတ်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများထောက်ပံ့ပေးခြင်း အခမ်းအနားကို ၁၉-၅-၂၀၂၃ ရက်နေ့၊ ၁၄ ၀၀ အချိန်တွင် ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်ကျော် (မြို့နယ်အုပ်ချုပ်ရေးမှူး)၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သဘာဝဘေးသင့် အိမ်ထောင်စုဝင်များ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအခမ်းအနားတွင် မိုးသက် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပြိုကျပျက်စီးခဲ့သည့် အိမ်ထောင်စု (၉၉) စုအား သက်ဆိုင်ရာဌာနများက လှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများနှင့် စုစုပေါင်းတန်ဖိုးငွေ ၁၀,၂၆၆,၀၀၀/- (ကျပ်တစ်ရာ့နှစ်သိန်းခြောက်သောင်းခြောက်ထောင်တိတိ)အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပ



မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ ငါန်းဇွန်မြို့နယ်၊ ရွာသစ်ကျေးရွာအုပ်စု၊ ပေါက်အိုင်ကုန်းကျေးရွာ၊ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ၂၈-၅-၂၀၂၃ ရက်နေ့၊ ၀၈၀၀ အချိန်တွင် ကျင်းပ ပြုလုပ်ခဲ့ရာ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းသိန်း (မြို့နယ် အုပ်ချုပ်ရေးမှူး)၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်များ၊ စုစုပေါင်းအင်အား (၁၆၂)ဦး တက်ရောက်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ တမာပင်၊ သဘော်ကုက္ကိုလ်ပင်၊ ဗန်ဒါပင်၊ မယ်ဇလီပင်၊ စိန်ပန်းပင်နှင့် ယူကလစ်ပင်၊ စုစုပေါင်းပျိုးပင် (၂၀၀)ပင်အား စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိပါသည်။

## ယဉ်ကျေးလိမ္မာသင်တန်း(အလယ်တန်းအဆင့်) ဖွင့်ပွဲအခမ်းအနားကျင်းပ




ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယဉ်ကျေးလိမ္မာသင်တန်း (အလယ်တန်းအဆင့်) ဖွင့်ပွဲအခမ်းအနားကို ၁၉-၅-၂၀၂၃ ရက်နေ့၊ ၀၉၀၀ အချိန်တွင် ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ (ဌာနချုပ်) ဥက္ကဋ္ဌ ဒေါ်မိမိအုန်း၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ(ဌာနချုပ်)အဖွဲ့ဝင်များနှင့် ကျောင်းသား/သူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အခမ်းအနားတွင် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ(ဌာနချုပ်)ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခဲ့ကြောင်းနှင့် သင်တန်းအား ၁၉-၅-၂၀၂၃ ရက်နေ့မှ ၂၁-၅-၂၀၂၃ ရက်နေ့အထိ (၃)ရက်ကြာ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သတင်းရရှိပါသည်။

## ၂၀၂၃ ခုနှစ်၊ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားကျင်းပ



တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်ရှိ အတုလာဓိပတိရွှေသာလျောင်းဘုရား၌ ၂၀၂၃ ခုနှစ်၊ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားကို ၃၀-၅-၂၀၂၃ ရက်နေ့၊ ၀၇၃၀ အချိန်တွင် ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကို၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းဌေး(ခရိုင်အုပ်ချုပ်ရေးမှူး)၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စုစုပေါင်းအင်အား (၂၅၀)ဦး တက်ရောက်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့်အတူ ခရိုင်အုပ်ချုပ်ရေးမှူးလိုက်ပါ၍ ခရေ၊ စိန်ပန်းနှင့် ပျဉ်းကတိုး စသည့်အပင်များ စိုက်ပျိုးနေမှုအခြေအနေအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားကျင်းပ




မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်၊ ပြည်နယ်တရားလွှတ်တော်ရှေ့ ဆိပ်ကမ်း၌ ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းအခမ်းအနားကို ၂၁-၅-၂၀၂၃ ရက်နေ့၊ ၀၉၀၀ အချိန်တွင် ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတိုးဝင်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု (၁၀)အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ပြည်သူများတက်ရောက်ခဲ့ကြပါသည်။ အဆိုပါအခမ်းအနားတွင် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့်အတူ ပြည်နယ်အုပ်ချုပ်ရေးမှူးလိုက်ပါ၍ ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်နေမှုအခြေအနေများအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူမှ စစ်တွေမြို့၊ ဓမ္မစရိယတက္ကသိုလ်ကျောင်းတိုက် တိုက်အုပ်ဆရာတော်ထံသို့ လှူဖွယ်ပစ္စည်းများဆပ်ကပ်လှူဒါန်း

၂၁-၅-၂၀၂၃ ရက်နေ့၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အောက်ဝါးနက်ချောင်းကျေးရွာ၊ ဓမ္မဒူတဇေတဝန်တောရ၊ ဓမ္မဒူတဆေကိန္ဒတက္ကသိုလ်နှင့် ဆေကိန္ဒရာမကျောင်းတိုက်ကြီး၏ ပဌာနဘာဏကဆရာတော်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒမှ ရခိုင်ပြည်နယ်အတွင်းရှိ သံဃာတော်များအတွက် ဆွမ်း၊ ကွမ်းနှင့် ဝေယျာဝစ္စအတွက် အသုံးပြုနိုင်ရန် ပေးပို့လှူဒါန်းသည့် ဝတ္ထုငွေ ၂၀,၀၀၀,၀၀၀/- (ငွေကျပ်သိန်းနှစ်ရာတိတိ)၊ ဆွမ်းဆန်တော် ဆန်အိတ်(၅၀၀)အိတ်နှင့် သံဃာတော်များအတွက် သံဃာအသုံးအဆောင်ပစ္စည်းများအား ဆရာတော်ကြီးကိုယ်စား ဗိုလ်မှူးချုပ် အောင်ကျော်မိုး၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် မီးသတ်တပ်ဖွဲ့ဝင်များမှ စစ်တွေမြို့၊ ဓမ္မစရိယတက္ကသိုလ်ကျောင်းတိုက် တိုက်အုပ်ဆရာတော်ထံသို့ လက်ဝယ်အရောက် ဆက်ကပ်လှူဒါန်းပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## မုန်တိုင်းဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးလျက်ရှိသော မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေများပေးအပ်




၂၀၂၃ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးလျက်ရှိသော မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များအတွက် မန္တလေးတိုင်းဒေသကြီး ခရိုင်/မြို့နယ်များအတွင်းရှိ လုပ်ငန်းရှင်များမှ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှတစ်ဆင့် စုပေါင်းလှူဒါန်းငွေကျပ်(၇၅)သိန်းတိတိအား ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင်ရောက်ရှိနေသည့် ညွှန်ကြားရေးမှူး(ဦးစီး) ဦးသိန်းထွန်းဦးထံသို့ မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းက ပေးအပ်လှူဒါန်းခဲ့ရာ အဆိုပါလှူဒါန်းငွေအား ရန်ကုန်တိုင်းဒေသကြီး ရှာဖွေကယ်ဆယ်ရေးတပ်ခွဲ၊ ဧရာဝတီတိုင်းဒေသကြီး ရှာဖွေကယ်ဆယ်ရေးတပ်ခွဲ၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)တို့မှ စုပေါင်း ရှာဖွေကယ်ဆယ်ရေးတပ်ခွဲများထံသို့ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတွင် ယာဉ်မောင်းသင်တန်းအမှတ်စဉ်(၇၇/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနတွင် ယာဉ်မောင်းသင်တန်းအမှတ်စဉ် (၇၇/၂၀၂၃) သင်တန်းဆင်းပွဲအခမ်းအနားကို ၁၆-၆-၂၀၂၃ ရက်နေ့၊ ၀၉ ၀၀ အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၊ ကျန်စစ်သားခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးစောထွန်းက သင်တန်းဆင်းအမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါသင်တန်းကို တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ သင်တန်းသားများအား မီးသတ်ယာဉ်များမောင်းနှင်ရာတွင် ရေ၏ အလေးချိန်၊ ဖိအား၊ လှုပ်ရှားမှုသဘောတရားများအား နားလည်သိရှိပြီး လုပ်ငန်းသုံးယာဉ်များမောင်းနှင်ရာတွင်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေတို့ကို ပိုမိုနားလည်ကျင့်သုံးလိုက်နာတတ်စေရန်နှင့် စာတွေ့/လက်တွေ့ သင်ကြားလေ့ကျင့်ပေးရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပါသည်။



သင်တန်းဆင်းပွဲ အခမ်းအနားကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်မီးသတ် ဦးစီးမှူးများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြပြီး သင်တန်းကို ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့မှ ဇွန်လ ၁၆ ရက်နေ့အထိ ရက်သတ္တ (၈)ပတ်ကြာ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ သင်တန်းသား(၅၀)ဦးဖြင့် ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိပါသည်။

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ပညာသင်ထောက်ပံ့စရိတ်ပေးအပ်ခြင်းနှင့် ၂၀၂၃ ခုနှစ်၊ တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ





၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ပညာသင်ထောက်ပံ့စရိတ် ပေးအပ်ခြင်းနှင့် ၂၀၂၃ခုနှစ်၊ တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို မကွေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး အစည်းအဝေး ခန်းမ၌ ၁၃-၆-၂၀၂၃ ရက်နေ့၊ ၁၅ ၃၀ အချိန်တွင် ကျင်းပပြုလုပ်ရာ မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးလှိုင်က ပညာသင်ထောက်ပံ့စရိတ် ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့ပါ သည်။ ၂၀၂၃ခုနှစ်၊ တက္ကသိုလ်ဝင်တန်း အောင်မြင်သူ (၆)ဦးအနက် ဂုဏ်ထူး(၁)ဘာသာရရှိသူ(၁)ဦးနှင့် ရိုးရိုး အောင်မြင်သူ(၅)ဦးတို့အား ဂုဏ်ပြုငွေများချီးမြှင့်ပေးအပ် ခဲ့ပြီး တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ရုံးကွပ်ကဲမှုအောက်ရှိ ခရိုင်အလိုက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက် သင်ကြားမည့် မူလတန်း(၂၂၃)ဦး၊ အလယ်တန်း(၅၃)ဦး၊ အထက်တန်း(၂၅)ဦး၊ တက္ကသိုလ်(၁၄)ဦးတို့အား မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌတို့မှ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးနှင့် မကွေး၊ မင်းဘူး၊ ပခုက္ကူ၊ သရက် ခရိုင်/မြို့နယ်များရှိ တပ်ဖွဲ့ဝင်များ၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်များ၊ ကျောင်းသား/ ကျောင်းသူများ စုစုပေါင်းအင်အား(၈၀)ဦးဖြင့်ဆောင်ရွက်ခဲ့ ကြောင်း သတင်းရရှိပါသည်။

## မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပါးကျေးရွာတွင် သောက်သုံးရေလှူဒါန်း




မီးသတ်ဦးစီးဌာနသည် ရည်မှန်းချက်တာဝန် (၄)ရပ်ဖြစ်သော မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးဆိုသော ရည်မှန်းချက်တာဝန် (၄)ရပ်နှင့်အညီ ပြုလုပ်ဆောင်ရွက် လျက်ရှိရာ ၂၄-၅-၂၀၂၃ ရက်နေ့၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်း မြို့နယ်၊ ပုပ္ပါးကျေးရွာတွင်၊ စွယ်တော်ဘုန်းတော်ကြီးကျောင်းသို့ ကျောက်ပန်းတောင်း မြို့နယ်မီးသတ်စခန်းမှ သန္ဒေမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ရေဂါလန်(၁၆၀၀)အား သွားရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇလောင်း(မြောက်ရွာ)တွင် သောက်သုံးရေလှူဒါန်း

မီးသတ်ဦးစီးဌာနသည် ရည်မှန်းချက်တာဝန်(၄)ရပ်ဖြစ်သော မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးဆိုသော ရည်မှန်းချက်တာဝန် (၄)ရပ်နှင့်အညီ ပြုလုပ်ဆောင်ရွက် လျက်ရှိရာ ၇-၆-၂၀၂၃ ရက်နေ့၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇလောင်း(မြောက်ရွာ)သို့ ဥတ္တရသီရိမြို့နယ် မီးသတ်စခန်းမှ သန္ဒေမီးသတ်တပ်ဖွဲ့ဝင်များ အရန်မီးသတ်တပ်ဖွဲ့ဝင်များမှ သက်ဆိုင်ရာအဖွဲ့အစည်းများ နှင့်ပူးပေါင်း၍ ရေဂါလန် (၃၀၀၀)ခန့်အား သွားရောက်လှူဒါန်းခဲ့ကြောင်း သတင်း ရရှိပါသည်။



## ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်၊ မြတ်လင်းအေးမြိုင်လမ်းရှိ ရေတွင်းထဲသို့ပြုတ်ကျနေသူအား ကယ်ဆယ်ရေးဆောင်ရွက်



၃၁-၅-၂၀၂၃ ရက်နေ့၊ ၀၆ ၃၀ အချိန်တွင် ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်၊ မြတ်လင်းအေးမြိုင်လမ်းရှိ ပိုင်ရှင် ဒေါ်ခင်မျိုးဝင်း၏ အိမ်ခြံဝင်းအတွင်းရှိ ရေတွင်းအားဆယ်ရာမှ ရေတွင်းထဲသို့ လူတစ်ဦးပြုတ်ကျနေကြောင်း ၁၀ ၀၅ အချိန် သတင်းရရှိသဖြင့် မြဝတီမြို့နယ်မီးသတ်စခန်းမှ သန္ဒေမီးသတ် တပ်ဖွဲ့ဝင်များဖြင့် ကယ်ဆယ်ရေး လုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ခဲ့ရာ ရေတွင်းထဲသို့ ပြုတ်ကျ သေဆုံးနေသူ ကျား(၁)ဦးအား ဆယ်ယူရရှိခဲ့ကြောင်း သတင်းရရှိပါသည်။

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ ငြိမ်းချမ်းရေး ဂက်(စ်)ရောင်းဝယ်ရေးလုပ်ငန်းတွင် မီးလောင်မှုဖြစ်ပွား




၂၉-၅-၂၀၂၃ ရက်နေ့၊ ၁၀ ၂၀ အချိန်ခန့်က ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ ငြိမ်းချမ်းရေး ဂက်(စ်)ရောင်းဝယ်ရေးလုပ်ငန်းတွင် ပိုင်ရှင် ဦးကျော်နိုင်၏ (၆၀×၆၀)ပေ **Steel Structure** (၁)ထပ်တွင် ဂက်(စ်)လှယ်စဉ် ဂက်စ်ပိုက်လိုင်းအား အအေးပေးသည့် **Freezer** ပလပ်ခေါင်းတပ်ရာမှ **Spark** ဖြစ်၍ မီးပွားထွက်ရာ အနီးရှိ ဂက်စ်အိုးများသို့ မီးကူးစက်လောင်မှုဖြစ်ပွားကြောင်း ၁၀ ၂၃ အချိန် သတင်းရရှိခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး မီးသတ်စခန်းများမှ မီးငြိမ်းသတ်ယာဉ် (၁၄)စီး၊ မီးသတ်ရေသယ်ယာဉ် (၅)စီး၊ အထောက်အကူပြုယာဉ် (၁၃)စီး၊ ကွပ်ကဲမှုယာဉ်(၃)စီး၊ သန္နေ(၁၀၅)ဦး၊ အရန်(၆၄)ဦးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၁၀ ၄၆ အချိန် မီးငြိမ်းခဲ့ပါသည်။ မီးလောင်မှုကြောင့် (၆၀×၆၀)ပေ **Steel Structure** (၁)ထပ်နှင့် အတွင်းပစ္စည်းများ မီးလောင်ခံရကြောင်း သတင်းရရှိပါသည်။

## မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၊ စမ်းချောင်းရပ်ကွက်တွင် နေအိမ်မီးလောင်မှုဖြစ်ပွား

၃၁-၅-၂၀၂၃ ရက်နေ့၊ ၁၈ ၁၅ အချိန်ခန့်က မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၊ စမ်းချောင်းရပ်ကွက်တွင် ပိုင်ရှင် ဒေါ်သူသူဝင်းမော်၏ (၂၄×၂၄)ပေ၊ သွပ်မိုး၊ အုတ်ညှပ်၊ ပျဉ်ခင်း (၂)ထပ် နေအိမ်တွင် ဝါယာကြိုးစနစ်ချိုက်ခတ်ရာမှ မီးပွားထွက်၍ ဘေးအကာသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း ၁၈ ၂၄ အချိန် သတင်းရရှိခဲ့သဖြင့် အောင်လံမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် (၁)စီး၊ မီးသတ်ရေသယ်ယာဉ် (၁)စီး၊ စမ်းချောင်းရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့မှ မီးသတ်ရေသယ်ယာဉ်(၂)စီး၊ တရော်ကုန်းရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့မှ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ ဇေယျာဝတီရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့မှမီးသတ်စက်ယာဉ် (၁) စီး၊ ကန်ကြီးရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့မှ မီးငြိမ်းသတ်ယာဉ် (၂)စီး စုစုပေါင်း မီးသတ်ယာဉ် (၈)စီး၊ သန္နေ (၁၉)ဦး၊ အရန် (၅၀)ဦးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၁၈ ၄၃ အချိန် မီးငြိမ်းခဲ့ပါသည်။ မီးလောင်မှုကြောင့် (၂၄×၂၄)ပေ၊ သွပ်မိုး၊ အုတ်ညှပ်၊ ပျဉ်ခင်း (၂)ထပ် နေအိမ် (၂)လုံး မီးလောင်ခံရကြောင်း သတင်းရရှိပါသည်။



## ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် မိုခါဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များမှ ရှင်းလင်းရေးလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်



ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် မိုခါဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိက အဆောက်အဦများ၊ ဆေးရုံများ၊ ပညာရေးဆိုင်ရာ အဆောက်အဦများ၊ လူနေအိမ်များ၊ လမ်းများပေါ်တွင်လဲကျနေသည့် သစ်ပင်များနှင့် အမှိုက်သရိုက်များကို ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းများအား ၁၂-၆-၂၀၂၃ ရက်နေ့တွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ရှာဖွေကယ်ဆယ်ရေး တပ်ခွဲများမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပရဟိတအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ရန်ကုန်-မန္တလေး အမြန်လမ်းမပေါ်တွင် ယာဘက်နောက်ဘီးပေါက်မှုဖြစ်ပွားရာ သွားရောက်ကူညီဆောင်ရွက်

၂၉-၅-၂၀၂၃ ရက်နေ့၊ ၁၇ ၂၀အချိန်ခန့်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ် (၃၇/၅)တွင် ရန်ကုန်မှ နေပြည်တော်သို့မောင်းနှင်လာသော **Toyota Probox** (အမျိုးအစား)ခဲရောင် ယာဉ်သည် ယာဘက်နောက်ဘီးပေါက်၍ အကူအညီတောင်းခံလာသဖြင့် ဘောနတ်ကြီး အမြန်လမ်း မီးသတ်စခန်းမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## သတိပေးနှိုးဆော်ချက်

ယခုအခါ မိုးရာသီကာလ ရောက်ရှိနေပြီဖြစ်ပါ၍ ပင်လယ်ကမ်းရိုးတန်းများနှင့် မြစ်ချောင်းကမ်းဘေးများတွင် နေထိုင်သော ပြည်သူများသည် ရုတ်တရက်ရေကြီးရေလျှံမှုကြောင့် ဘေးအန္တရာယ်များ ကြုံတွေ့နိုင်သည့်အပြင် ပင်လယ်၊ မြစ်ချောင်းများတွင် သွားလာနေသော ရေယာဉ်များသည်လည်း ရာသီဥတုကြောင့်လည်းကောင်း၊ မတော်တဆမှုကြောင့်လည်းကောင်း တိမ်းမှောက်မှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ရေဘေးအန္တရာယ်ကြောင့် မိဘပြည်သူများ အသက်ဆုံးရှုံးမှုမရှိစေရန် အိမ်တိုင်း၊ ရေယာဉ်တိုင်းတွင် အသက်ကယ်ဝတ်စုံ **(Life Jackets)** များ ဆောင်ထားကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

## ၂၀၂၃ ခုနှစ်၊ မေလအတွင်း မီးလောင်ဆုံးရှုံးမှုနှင့် ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ချက်များ

၂၀၂၃ ခုနှစ်၊ မေလအတွင်း နိုင်ငံတော်တစ်ဝန်းလုံးတွင် မီးလောင်မှု ၁၃၀ ကြိမ် ဖြစ်ပွားခဲ့ပြီး မီးအမျိုးအစားအလိုက် မီးဖိုမီး ၂၄ ကြိမ်၊ ပေါ့ဆမီး ၃၄ ကြိမ်၊ အလိုအလျောက်မီး ၄ ကြိမ်၊ လျှပ်စစ်မီး ၄၃ ကြိမ်၊ မသမာသူရှို့မီး ၉ ကြိမ်၊ သောင်းကျန်းသူရှို့မီး ၉ ကြိမ်၊ တောမီး ၆ ကြိမ်ဖြစ်ပါသည်။ အိမ်ခြေအဆောက်အဦ ၄၈၀ လုံး တွင် စက်ရုံ/အလုပ်ရုံ ၅ လုံး၊ ဂိုဒေါင် ၉ လုံး၊ မီးလောင်ခံရပြီး မီးဘေးသင့်ပြည်သူ ၄၀၄၀ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ပါသည်။ လူ ၁ ဦးသေဆုံး၊ ၁၅ ဦးဒဏ်ရာရရှိခဲ့ပြီး ငွေကျပ် ၁၅၇၄ ဒသမ ၆၅၅ သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ မေလအထိ ၅ လတာကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မီးအမျိုးအစားအလိုက် မီးဖိုမီး ၁၄၉ ကြိမ်၊ ပေါ့ဆမီး ၂၄၇ ကြိမ်၊ အလိုအလျောက်မီး ၁၉ ကြိမ်၊ လျှပ်စစ်မီး ၂၄၃ ကြိမ်၊ မသမာသူရှို့မီး ၅၈ ကြိမ်၊ တောမီး ၉၃ ကြိမ်၊ သောင်းကျန်းသူရှို့မီး ၆၃ ကြိမ်၊ မိုးကြိုးပစ် ၃ ကြိမ်၊ စုစုပေါင်း ၈၇၅ ကြိမ် ဖြစ်ပွားခဲ့ပါသည်။ အိမ်ခြေအဆောက်အဦ ၂၃၈၀ လုံးတွင် စက်ရုံ/အလုပ်ရုံ ၁၁ လုံးနှင့် ဂိုဒေါင် ၁၂၉ လုံး မီးလောင်ခံခဲ့ရပြီး မီးဘေးသင့်ပြည်သူ ၈၅၈၂ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ပါသည်။ မီးလောင်မှုကြောင့် လူ ၅၂ ဦးသေဆုံး၊ ၁၁၆ ဦး ဒဏ်ရာရရှိကာ တိရစ္ဆာန် ၂၉၈၄ သေဆုံးပြီး ငွေကျပ် ၁၃၄၇၀ ဒသမ ၇၉၅ သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

မီးလောင်မှုများတွင် "မီးဖိုမီး၊ လျှပ်စစ်မီး၊ ပေါ့ဆမီး"များသည် အများဆုံး တွေ့ရှိရသောအချက်များဖြစ်သည့်အတွက် မီးဖိုမီးကြောင့်ဖြစ်ပွားတတ်သော မီးလောင်မှုများ မဖြစ်ပေါ်စေရေးအတွက် မီးဖိုအနီးလူစောင့်ထားရှိခြင်း၊ လောင်စာဆီများမထားကြရန်နှင့် အိုမင်းမစွမ်းသူများ၊ ကလေးငယ်များအားမီးမွှေးခြင်း၊ ထမင်းချက်ခြင်း၊ ရေနွေးကျိုခြင်းများ မပြုလုပ်ခိုင်းခြင်း၊ မီးဖိုနံဘေးနှင့် အမိုး/နံရံအကြား လုံလောက်သော အပူခံအကာအရံများ ထားရှိစေခြင်းဖြင့် မီးလောင်မှုမှ ကင်းဝေးစေမည် ဖြစ်ပါသည်။

မီးလောင်မှုမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေးအတွက် မိမိတို့အိမ်တိုင်းတွင် ကနဦးလုပ်ဆောင်ရန်အနေဖြင့် နှစ်ကာလရှည်ကြာ၍ ဟောင်းနွမ်းဆွေးမြည့်နေသည့် လျှပ်စစ်ဝါယာကြိုးများလဲလှယ်ထားခြင်း၊ လျှပ်စစ်ဒဏ်ခံကြိုး (Fuse)များကို ဝန်နှင့်အား မျှတအောင်သုံးစွဲခြင်း၊ လျှပ်စစ်မီးဖို၊ မီးပူများသုံးစွဲပြီးလျှင် (သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားခြင်း၊ လျှပ်စစ်ဝါယာရှော့ဖြစ်လျှင် ပင်မ(မိန်း)ခလုတ်ပိတ်ပြီး ခြောက်သွေ့သော အဝတ်၊ ပိတ်စတို့ဖြင့် ရိုက်ပုတ်ငြိမ်းသတ်ခြင်း၊ ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများ အသုံးမပြုကြရန်နှင့် မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့်အချက်များ အပေါ် လိုက်နာခြင်းအားဖြင့် မီးဘေးကာကွယ်ရေးအသိဖြင့် ကြိုတင်ဆောင်ရွက်စီမံထားရှိကြမည်ဆိုပါက"ပေါ့ဆမီး"ကြောင့် ဖြစ်ပွားတတ်သော မီးလောင်မှုများ လျော့နည်းစေမည်ဖြစ်ပါကြောင်း သတိပေးအပ်ပါသည်။

၂၀၂၃ ခုနှစ်၊ မေလအတွင်း တိုင်းဒေသကြီး/ပြည်နယ်များ၌ သဘာဝဘေးအန္တရာယ်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး တံတိုင်းပြိုကျမှု ၁ကြိမ်၊ မြေပြိုကျမှု ၁ ကြိမ်၊ လေပြင်းတိုက်ခတ်မှု ၅၃ ကြိမ်၊ ရေကြီးမှု ၅ ကြိမ်၊ ယာဉ်တိုက်မှု ၁၆ ကြိမ်၊ ယာဉ်တိမ်းမှောက်မှု ၇ ကြိမ်၊ ရေနစ်မြုပ်မှု ၁၀ ကြိမ်၊ ပေါက်ကွဲမှု ၁ ကြိမ်၊ ရေတွင်းပြုတ်ကျမှု ၃ ကြိမ်၊ သစ်ပင်ပြိုလဲမှု ၂၇၁ ကြိမ်၊ မတော်တဆထိခိုက်မှု ၅ ကြိမ်၊ တိရစ္ဆာန်ကယ်ဆယ်မှု ၃ ကြိမ်၊ ကူညီရှင်းလင်းရွှေ့ပြောင်းမှု ၂၁၇ ကြိမ်၊ စုစုပေါင်း ၅၉၃ ကြိမ် ဖြစ်ပွားခဲ့ပါသည်။ ထိုကဲ့သို့သော သဘာဝဘေးအန္တရာယ် နှင့် မတော်တဆထိခိုက်မှုဖြစ်စဉ်များတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ သန္ဓေအင်အား ၁၀၁၅၄ ဦးနှင့် အရန်မီးသတ်အင်အား ၁၆၈၈ ဦးတို့မှ ကူညီဆောင်ရွက်ပေးခဲ့ပြီး ထိခိုက်မှုကြောင့် သေဆုံးသူ ၃၄ ဦး၊ ဒဏ်ရာရရှိသူ ၁၂၂ ဦးနှင့် တိရစ္ဆာန် ကယ်ဆယ်မှု ၃ ကြိမ်တို့အား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးခဲ့ပါသည်။

**မီးသတ်ဦးစီးဌာန**

## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင်တည်ရှိသော မီးသတ်စခန်းများနှင့် တယ်လီဖုန်းနံပါတ်များ

| စဉ် | မီးသတ်စခန်း | တည်နေရာ | | တယ်လီဖုန်းနံပါတ် |
|---|---|---|---|---|
| | | မြို့နယ် | မိုင်တိုင်အမှတ် | |
| ၁ | (၁၁)မိုင်အမြန်လမ်းမကြီးမီးသတ်စခန်း | လှည်းကူး | ၀/၀ မှ ၂၃/၄ ထိ | ၀၉-၄၄၄၁၁၁၅၁ |
| ၂ | ဘောနပ်ကြီးအမြန်လမ်းမကြီးမီးသတ်စခန်း | ပဲခူး | ၂၃/၄ မှ ၄၅/၀ ထိ | ၀၉-၄၄၄၁၁၁၅၂ |
| ၃ | ဘောနီအမြန်လမ်းမကြီးမီးသတ်စခန်း | ဒိုက်ဦး | ၄၅/၀ မှ ၆၀/၀ ထိ | ၀၉-၄၄၄၁၁၁၅၃ |
| ၄ | အုတ်ရှစ်ကုန်းအမြန်လမ်းမကြီးမီးသတ်စခန်း | ဒိုက်ဦး | ၆၀/၀ မှ ၇၆/၀ ထိ | ၀၉-၄၄၄၁၁၁၅၄ |
| ၅ | မြို့ချောင်းအမြန်လမ်းမကြီးမီးသတ်စခန်း | ကျောက်တံခါး | ၇၆/၀ မှ ၁၀၅/၅ ထိ | ၀၉-၄၄၄၁၁၁၅၆ |
| ၆ | ဖြူးအမြန်လမ်းမကြီးမီးသတ်စခန်း | ဖြူး | ၁၀၅/၅ မှ ၁၂၀/၀ ထိ | ၀၉-၄၄၄၁၁၁၅၇ |
| ၇ | ဖောဓိကုန်းအမြန်လမ်းမကြီးမီးသတ်စခန်း | အုတ်တွင်း | ၁၂၀/၀ မှ ၁၅၆/၅ ထိ | ၀၉-၄၄၄၁၁၁၅၈ |
| ၈ | သာဂရအမြန်လမ်းမကြီးမီးသတ်စခန်း | ရေတာရှည် | ၁၅၆/၅ မှ ၁၈၅/၂ ထိ | ၀၉-၄၄၄၁၁၁၅၉ |
| ၉ | ပလွေးအမြန်လမ်းမကြီးမီးသတ်စခန်း | ဒက္ခိဏသီရိ | ၁၈၅/၂ မှ ၂၀၅/၅ ထိ | ၀၉-၄၄၄၁၁၁၅၀ |
| ၁၀ | ပန်းတင်အမြန်လမ်းမကြီးမီးသတ်စခန်း | ဥတ္တရသီရိ | ၂၀၅/၅ မှ ၂၂၇/၀ ထိ | ၀၉-၄၄၄၁၁၁၆၀ |
| ၁၁ | ဘုရားတောင်အမြန်လမ်းမကြီးမီးသတ်စခန်း | တပ်ကုန်း | ၂၂၇/၀ မှ ၂၄၂/၀ ထိ | ၀၉-၄၄၄၁၁၁၆၁ |
| ၁၂ | ပေပင်လေးအမြန်လမ်းမကြီးမီးသတ်စခန်း | ပျော်ဘွယ် | ၂၄၂/၀ မှ ၂၇၆/၂ ထိ | ၀၉-၄၄၄၁၁၁၆၂ |
| ၁၃ | သီးကုန်းအမြန်လမ်းမကြီးမီးသတ်စခန်း | မိတ္ထီလာ | ၂၇၆/၂ မှ ၃၁၇/၂ ထိ | ၀၉-၄၄၄၁၁၁၆၃ |
| ၁၄ | ပြင်စည်အမြန်လမ်းမကြီးမီးသတ်စခန်း | နွားထိုးကြီး | ၃၁၇/၂ မှ ၃၃၁/၆ ထိ | ၀၉-၄၄၄၁၁၁၆၄ |
| ၁၅ | စကားအင်းအမြန်လမ်းမကြီးမီးသတ်စခန်း | တံတားဦး | ၃၃၁/၆ မှ ၃၅၈/၁ ထိ | ၀၉-၄၄၄၁၁၁၆၅ |

## နယုန်လပြည့်နေ့တွင် မဟာသမယသုတ် ရွတ်ဖတ်ပူဇော်




၂-၆-၂၀၂၃ ရက်နေ့(နယုန်လပြည့်နေ့)တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမ၌ ဝန်ထမ်းနှင့်ဝန်ထမ်း မိသားစုဝင်များစုပေါင်း၍ မဟာသမယသုတ်ကို ရွတ်ဖတ်ပူဇော်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ကျန်းမာရေးစရိတ် ထောက်ပံ့ငွေပေးအပ်

၂-၆-၂၀၂၃ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးရုံး ညွှန်ကြားရေးမှူး ဦးမိုးသန့်ဇင်၏ လမ်းညွှန်မှုဖြင့် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်စိုး၏ဇနီး ဒေါ်တင်တင်ဝေနှင့် မိသားစုဝင်များသည် ထားဝယ်မြို့၊ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသည့် နေ့စားသန့်ရှင်းရေးဝန်ထမ်း ဒေါ်နှင်းနှင်းရီ၏သားဖြစ်သူ မောင်လင်းထက်အောင်အား ကျန်းမာရေးစရိတ်ငွေ ၁၀၀,၀၀၀/-(ကျပ်တစ်သိန်းတိတိ)အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။




## ဆွမ်းဆန်၊ ဆီ နှင့် ဝတ္ထုငွေများ လှူဒါန်း



၁၉-၅-၂၀၂၃ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး ညွှန်ကြားရေးမှူး ဦးညိုဝင်း၊ ဇနီး ဒေါ်ဝါဝါလွင်နှင့် ဝန်ထမ်းများက ပဲခူးမြို့ နန်းတော်ရာရပ်ကွက်ရှိ မင်္ဂလာရာမဘုန်းတော်ကြီး သင်ပညာရေးကျောင်းသို့သွားရောက်၍ ဝတ္ထုငွေ ၁၂၆,၀၀၀/-(ကျပ်တစ်သိန်းနှစ်သောင်းခြောက်ထောင်တိတိ)နှင့် တန်ဖိုးငွေ ၁၄၆,၀၀၀/-(ကျပ်တစ်သိန်းလေးသောင်းခြောက်ထောင်တိတိ)ရှိ ဆွမ်းဆန်(၁)အိတ်၊ ဆီ(၅)ပိဿာ စုစုပေါင်း တန်ဖိုးငွေ ၂၇၂,၀၀၀/-(ကျပ်နှစ်သိန်းခုနှစ်သောင်းနှစ်ထောင်တိတိ)ကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်

၁၁-၅-၂၀၂၃ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံး စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးဝင်းဦး၏ ကြီးကြပ်စီစဉ်မှုဖြင့် ဗုဒ္ဓဘာသာယဉ်ကျေးမှု အခြေခံသင်တန်းကို သင်တန်းသား/သူ(၁၅)ဦးတို့ဖြင့် ဖွင့်လှစ်ခဲ့ပြီး အဆိုပါသင်တန်းအား အဆင့်မြင့်ဗုဒ္ဓဘာသာ ယဉ်ကျေးမှုဆရာဖြစ်သင်တန်းသို့ တက်ရောက်ခဲ့သည့် မကွေးတိုင်းဒေသကြီးရုံးမှ စည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဇော်အေး၏ဇနီး ဒေါ်နန်းပုလဲမေ ဦးဆောင်သောအဖွဲ့မှ ၁၁-၅-၂၀၂၃ရက်နေ့မှ ၁၃-၅-၂၀၂၃ရက်နေ့အထိ သင်ကြားပို့ချခဲ့ကြောင်း သတင်းရရှိပါသည်။



## အခြေခံစားသောက်ကုန်နှင့် နှာခေါင်းစည်းများထောက်ပံ့



၁၅-၅-၂၀၂၃ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးညိုဝင်းနှင့်ဇနီး ဒေါ်ဝါဝါလွင်၏ ဦးဆောင်မှုဖြင့် ပဲခူးတိုင်းဒေသကြီးရုံး၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးစီမံချက်ပါအတိုင်း အရန်ရိက္ခာ ရက်သတ္တပတ်(၁)ပတ်စာအဖြစ် မိုခါ(**MOCHA**) ဆိုင်ကလုန်းမုန်တိုင်းကာလအတွက် သိုလှောင်ထားရှိသောရိက္ခာများကို ဝန်ထမ်းတစ်ဦးလျှင် ဆန်(၄)ပြည်၊ ဆီ(၁)ပိဿာ၊ ခေါက်ဆွဲခြောက်(၁၃)ထုပ်၊ ကြက်ဥ(၁၀)လုံး၊ နှာခေါင်းစည်း(၁)ဘူး၊ တန်ဖိုးငွေ ၂၈,၀၀၀/-နှုန်းဖြင့် ဝန်ထမ်း(၆၆)ဦးအား စုစုပေါင်းတန်ဖိုးငွေ ၁,၈၄၈,၀၀၀/-(ကျပ်တစ်ဆယ့်ရှစ်သိန်းလေးသောင်းရှစ်ထောင်တိတိ)ရှိ စားသောက်ကုန်နှင့် နှာခေါင်းစည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ပိုလ်ချုပ် ဇင်မင်းထက် ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၁၀/၂၀၂၂) သင်တန်းဆင်းပွဲအခမ်းအနား တက်ရောက် ... မှ

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က အကောင်းဆုံး ကျောင်းသားဆုရ ဒုတိယ ရဲအုပ်လောင်း ဒွေးလွင်၊ ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း နှင်းအိန္ဒြေချမ်းမြေ့သူ၊ ဥပဒေဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း စုန္ဒာ၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း နှင်းအိန္ဒြေချမ်းမြေ့သူတို့အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က အမှာစကားပြောကြားရာတွင် သင်တန်းဆင်းဒုတိယရဲအုပ်လောင်းများအနေဖြင့် တပ်ဖွဲ့အသီးသီးတွင် ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန် ထမ်းဆောင်ကြရမည့်သူများဖြစ်သည်နှင့်အညီ ခေါင်းဆောင်မှုအရည်အသွေးများကို ကောင်းစွာသိရှိနားလည်ပြီး အဆင့်ဆင့်ကွပ်ကဲအုပ်ချုပ်မှုများကိုလည်း စည်းကမ်းတကျဖြင့် တိုးတက်အောင်မြင်အောင် ဦးဆောင်သွားကြရမည်ဖြစ်ကြောင်း၊ တိုးတက်ပြောင်းလဲနေသည့် မျက်မှောက်ခေတ်ကာလတွင် ပြည်သူတို့ဘဝအေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေးစသည့် ရည်မှန်းချက်တာဝန်(၄)ရပ်ကို အလေးထား အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များသည် ပြည်တွင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူနှင့်အတူလက်တွဲပြီး ထိရောက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်နေရသကဲ့သို့ နယ်စပ်ဒေသများတွင်လည်း လုံခြုံရေးကို ဆောင်ရွက်နေရသည်ဖြစ်သည့်အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိ အမြဲရှိရမည်ဖြစ်ပြီး ပူးပေါင်းဆောင်ရွက်တတ်သည့် စိတ်ဓာတ်၊ အမိန့်နာခံတတ်သည့်စိတ်ဓာတ်ရှိရန် လိုအပ်ကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အဓိကကျသောကြောင့် ပြည်သူလူထုအတွင်း တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းအသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပြီး ပြစ်မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီ ဘက်ပေါင်းစုံမှ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းတိုက်ဖျက်သွားရန်လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများတွင်လည်း အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ခြင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ခြင်းစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း စိတ်အားထက်သန်စွာဖြင့် တက်တက်ကြွကြွပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်တိုင်းသည် စိတ်ဓာတ်ကောင်းမွန်မှု၊ စည်းကမ်းကောင်းမွန်မှု၊ သစ္စာစောင့်သိမှု၊ စည်းလုံးညီညွတ်မှု၊ စွမ်းရည်ပြည့်ဝမှုစသည့် အရည်အချင်း(၅)ရပ်နှင့် အစဉ်ပြည့်ဝနေရန်လိုအပ်ပြီး လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာ၌ ဥပဒေလုပ်ထုံးလုပ်နည်း၊ ကျင့်ဝတ်များကို သိရှိနားလည်ကျွမ်းကျင်ပြီး အဂတိတရားကင်းရှင်းစွာဖြင့် နည်းစနစ်တကျ မှန်ကန်စွာထမ်းဆောင်သွားကြရန်နှင့် အင်္ဂလိပ်ဘာသာစကားအပါအဝင် အခြားဘာသာစကားများ၊ ကွန်ပျူတာ၊ အင်တာနက်၊ နည်းပညာဆိုင်ရာ ပညာရပ်များကိုလည်း ပိုမိုတိုးတက်ကျွမ်းကျင်အောင် စဉ်ဆက်မပြတ်ဆက်လက်လေ့လာသွားကြရန်လိုအပ်ကြောင်း၊ အမျိုးသမီးရဲအရာရှိများအနေဖြင့်လည်း မိမိတို့ရောက်ရှိ တာဝန်ထမ်းဆောင်ကြရမည့် လက်တွေ့နယ်ပယ်၌ လေ့ကျင့်သင်ကြားပျိုးထောင်ပေးလိုက်သည့် ပညာရပ်များအားအခြေခံပြီး လက်တွေ့ဘဝနှင့် ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများလူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၁၂)ရပ်ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ရဲတပ်ဖွဲ့ဝင်များမှလည်း မိမိတို့ကျရာကဏ္ဍအလိုက် ပူးပေါင်းပါဝင်သွားကြရန်လိုအပ်ကြောင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များလိုက်နာရမည့် အစဉ်အလာကောင်း(၁၂)ရပ်တွင်ပါရှိသည့် **နိုင်ငံတော်တွင် အရေးကြုံတိုင်း နောင်တော်တပ်မတော်နှင့် တစ်စိတ်တစ်ဝမ်းတည်း လက်တွဲ၍ ကာကွယ်စောင့်ရှောက်ခဲ့သည့် တပ်ဖွဲ့ဖြစ်သည်**ဟူသည့် အချက်နှင့်အညီ တပ်မတော်နှင့်အတူလက်တွဲ၍ လက်ရှိနိုင်ငံတော်၏ အခြေအနေကို တည်ငြိမ်အေးချမ်းရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း စသည်ဖြင့် တိုက်တွန်းမှာကြားခဲ့ပါသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ရဲအရာရှိကြီးများ၊ ဗဟိုမီးသတ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး အဆိုပါ ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၁၀)ရဲသီဟတပ်ခွဲတွင် တပ်တွင်းဘွဲ့ရအမျိုးသား ၂၃၁ ဦး၊ တပ်ပြင်ဘွဲ့ရ အမျိုးသား ၂ ဦး၊ တပ်တွင်းဘွဲ့ရအမျိုးသမီး ၁၀၈ ဦး၊ တပ်ပြင်ဘွဲ့ရအမျိုးသမီး ၁ ဦး၊ စုစုပေါင်း ၃၄၂ ဦးတို့ကို သင်တန်းဆင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

## တစ်နေ့တာ ဆွမ်းဟင်းလှူဒါန်း



၁၉-၅-၂၀၂၃ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင် ဦးဆောင်သည့် ကော်မတီဝင်များသည် မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်ရှိ ဆင်ဖြူစာသင်တိုက်သို့ (၁၀၉)ကြိမ်မြောက် တစ်နေ့တာ ဆွမ်းဟင်းအတွက် စုစုပေါင်းတန်ဖိုးငွေ ၈၀,၀၀၀/- (ကျပ်ရှစ်သောင်းတိတိ)အား လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်ခြင်း

၂၆-၅-၂၀၂၃ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံး အစည်းအဝေးခန်းမ၌ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းအမှတ်စဉ် (၂/၂၀၂၃)အား ဖွင့်လှစ်ခဲ့ရာ အဆိုပါသင်တန်းသို့ အလယ်တန်းနှင့်အထက်တန်းတွင် ပညာသင်ကြားနေသည့် ဝန်ထမ်းများ၏ သား/သမီးများ စုစုပေါင်း (၁၂)ဦးတို့အား သင်ကြားပို့ချပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်မှ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး H.E. Mr. J.M.J.P Bandara အား လက်ခံတွေ့ဆုံ ... မှ

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒုတိယရဲချုပ်(၁)ရဲဗိုလ်ချုပ်အောင်အောင်၊ မှူခင်းနှင့်ဥပဒေရေးရာဌာနကြီး၊ ဌာနကြီးမှူး ရဲမှူးချုပ် ကျော်လင်းနှင့် နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ ဌာနကြီးမှူး ရဲမှူးချုပ် အောင်ဒွေးမြင့် တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

## (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြည်ထဲရေးဝန်ကြီးဌာနမှ အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကျင်းပ ... မှ

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်း ဖြစ်သည်ဆိုသည့် ယုံကြည်ချက်၊ ခံယူချက်ဖြင့် အမျိုးသားအားကစားမြှင့်တင်ရေးကို အလေးထားကြိုးပမ်း ဆောင်ရွက်သွားကြရန်နှင့် နောင်လာမည့် ပြည်တွင်း/ ပြည်ပပြိုင်ပွဲများတွင် ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စားပြုပြီး ရွှေတံဆိပ်ဆုများ ယခုထက်ပိုမိုဆွတ်ခူးနိုင်သည့် နိုင်ငံ့ဂုဏ်ဆောင်၊ ပြည်ထဲရေးဝန်ကြီးဌာနဂုဏ်ဆောင် အားကစားသမားများဖြစ်အောင် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ပါသည်။

အဆိုပါ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စားပြု အားကစားသမား(၃၆)ဦး၊ နည်းပြများ၊ အုပ်ချုပ်သူများနှင့် ဒိုင်လူကြီးများအပါအဝင် စုစုပေါင်း(၄၉)ဦးတို့မှ အားကစားနည်း(၉)မျိုးကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပိုက်ကျော်ခြင်း၊ ဗိုဗီနမ်၊ တိုက်ကွမ်ဒို၊ အမျိုးသမီးဘောလုံး၊ စစ်တုရင်၊ လက်ဝှေ့နှင့် ပြေးခုန်ပစ် အားကစားနည်း (၇)မျိုးတွင် အားကစားသမား(၁၈)ဦးက ရွှေတံဆိပ်(၇)ဆု၊ ငွေတံဆိပ် (၇)ဆု၊ ကြေးတံဆိပ်(၉)ဆု စုစုပေါင်း ဆုတံဆိပ်(၂၃)ဆု ရယူပေးနိုင်ခဲ့ပါသည်။

ထို့နောက် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် ဆုရအားကစားသမားများ၊ နည်းပြများနှင့် အုပ်ချုပ်သူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ပိုက်ကျော်ခြင်း၊ ဗိုဗီနမ်၊ တိုက်ကွမ်ဒိုပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိခဲ့ကြသည့် အားကစားသမား(၇)ဦးနှင့် ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သော အမျိုးသမီးဘောလုံးအသင်းမှ အားကစားသမား (၅)ဦးအားလည်းကောင်း၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်က ပိုက်ကျော်ခြင်း၊ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့ကြသည့် အားကစားသမား(၇)ဦးအားလည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးက ဗိုဗီနမ်၊ စစ်တုရင်၊ လက်ဝှေ့၊ ပြေးခုန်ပစ်၊ တိုက်ကွမ်ဒိုပြိုင်ပွဲများတွင် ကြေးတံဆိပ်ဆုရရှိခဲ့ကြသည့် အားကစားသမား(၈)ဦးအား လည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်းက ပြိုင်ပွဲဝင်အားကစားသမားများ၊ နည်းပြများ၊ အုပ်ချုပ်သူများနှင့် ဒိုင်လူကြီးများအားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ယင်းနောက် ပြိုင်ပွဲဝင်အားကစားသမား(၁)ဦးက ပြိုင်ပွဲအတွေ့အကြုံများနှင့် ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် အဖွဲ့ဝင်များသည် (၃၂)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိအောင်စွမ်းဆောင်နိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုလက်ဖက်ရည်ပွဲငယ်ဖြင့် တည်ခင်းဧည့်ခံ၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲတီးဝိုင်းအဖွဲ့က ဂုဏ်ပြုတေးသီချင်းများနှင့် ဖျော်ဖြေခဲ့ကြပြီး နိုင်ငံ့ဂုဏ်ဆောင်နှင့် ပြည်ထဲရေးဝန်ကြီးဌာနဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

### မီးဖွားစရိတ် ထောက်ပံ့ငွေပေးအပ်

၁၁-၅-၂၀၂၃ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးရုံး မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးသော်ဝင်းထွန်း၏ဇနီး ဒေါ်နန့်အေးမြထွန်း ဦးဆောင်သော မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်များသည် ၁၁-၅-၂၀၂၃နေ့တွင် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ GEC အထူးကုဆေးရုံတွင် ကလေးမီးဖွားခဲ့သော ဒုတိယစုံစမ်းရေးမှူး ဒေါ်လဲ့လဲ့ဝင်းအား မီးဖွားစရိတ်ထောက်ပံ့ငွေ ၅၀,၀၀၀/-(ကျပ်ငါးသောင်းတိတိ)အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



### ကျန်းမာရေးစရိတ် ထောက်ပံ့ငွေပေးအပ်



၁၈-၅-၂၀၂၃ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးရုံး မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးသော်ဝင်းထွန်း၏ဇနီး ဒေါ်နန့်အေးမြထွန်း ဦးဆောင်သော မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ အဖွဲ့ဝင်များသည် အိန္ဒိယနိုင်ငံ၊ TRIVANDRUM မြို့၊ KIMS ဆေးရုံ၌ ဦးနှောက်သွေးလွှတ်ကြောပေါက်၍ ခွဲစိတ်ကုသမှုခံယူခဲ့သော စုံစမ်းရေးမှူး ဦးကျော်လင်းအား ကျန်းမာရေးစရိတ် ထောက်ပံ့ငွေ ၅၀,၀၀၀/-(ကျပ်ငါးသောင်းတိတိ)အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်မှ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး H.E. Mr. J.M.J.P Bandara အား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်သည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး **H.E. Mr. J.M.J.P** **Bandara** အား ၂၆-၅-၂၀၂၃ ရက်နေ့ ၁၁၃၀အချိန်တွင် နေပြည်တော်၊ ရုံးအမှတ်(၁၀)၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့သည် **BIMSTEC** အဖွဲ့ဝင်နိုင်ငံများဖြစ်သည့်အားလျော်စွာ **BIMSTEC Cyber Security** ဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံဖြတ်ကျော်မှုခင်းများတားဆီးနှိမ်နင်းရေးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို သတင်းဖလှယ်၍ ဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် နှစ်နိုင်ငံအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

**စာမျက်နှာ (၁၅)သို့**

## (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြည်ထဲရေးဝန်ကြီးဌာနမှ အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပခဲ့သော(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် ပြည်ထဲရေးဝန်ကြီးဌာနမှ အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို ၄-၆-၂၀၂၃ရက်နေ့တွင် နေပြည်တော်၊ ရုံးအမှတ်(၈)ရှိ အရိန္ဒမာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဒုတိယဝန်ကြီးများ၊ တပ်ဖွဲ့/ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများနှင့်ဇနီးများ၊ ဆုရအားကစားသမားများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၊ နည်းပြများ၊ အုပ်ချုပ်သူများ၊ ဒိုင်လူကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **စာမျက်နှာ (၁၅)သို့**






## ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက် ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၁၀/၂၀၂၂) သင်တန်းဆင်းပွဲအခမ်းအနား တက်ရောက်



ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ် (၁၁၀/၂၀၂၂) ရဲသီဟတပ်ခွဲ၊ သင်တန်းဆင်းပွဲအခမ်းအနားကို ၂-၆-၂၀၂၃ ရက်နေ့ ၀၇ ၃၀ အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက် တက်ရောက်ခဲ့ပါသည်။

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူကာ သင်တန်းဆင်းတပ်ခွဲအား စစ်ဆေးခဲ့ပြီး ဒုတိယရဲအုပ်လောင်းများက အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက် အလေးပြုကြပြီးနောက်

**စာမျက်နှာ (၁၄)သို့**